
NS NOVEL
စာစဉ်-၄
NS NOVEL
အဆုံးအစမဲ့ည
夜无疆
ဘာသာပြန်သူ - NS

# အဆုံးအစမဲ့ ည (စာစဉ်-၄)

## အခန်း ၃၁

## ညအမှောင်ထုကို ဖောက်ထွက်လာခြင်း

*

ခဏချင်းအတွင်း ချင်မင်မှာ သူ၏ ရင်တွင်းမှ လျှို့ဝှက်ချက်များကို တစ်စုံတစ်ယောက်က ဖောက်ထွင်း မြင်သွားသကဲ့သို့ ခံစားလိုက်ရသည်။ လွန်ခဲ့သော နှစ်နှစ်က ရွာလေး တစ်ရွာလုံးကို ဝါးမျိုသွားခဲ့သည့် မီးတောက်ကြီးများက သူ၏ မှတ်ဉာဏ်ထဲမှနေ၍ လက်တွေ့ဘဝသို့ ကူးစက် လောင်ကျွမ်းလာသကဲ့သို့ ခံစားလိုက်ရပြီး ပူလောင်မှု၊ ညှော်နံ့များ၊ ပြိုကျနေသော အဆောက်အအုံများ၊ နေရာအနှံ့ရှိ အလောင်း

များနှင့် ထိုကြော့ရှင်းသော အမွေးအတောင် ဝတ်ရုံနှင့် လူငယ်လေး တို့၏ မြင်ကွင်းများ အားလုံး ချက်ချင်း ပေါ်ထွက်လာလေသည်။

သို့သော် သူ နောက်လှည့်လိုက်သော အချိန် တွင်မူ သူ၏ စိတ်များ ပြန်လည် တည်ငြိမ်သွားပြီ ဖြစ်ပြီး ရင်ထဲတွင်လည်း အေးချမ်းသွားလေ သည်။

သူ့ရှေ့ရှိ မိန်းကလေးက လွန်ခဲ့သော နှစ်နှစ်က သူ သေလုမျောပါး ဖြစ်နေချိန်တွင် အလွန် ဒုက္ခရောက်နေသော သူ၏ အခြေအနေကို မြင် တွေ့ခဲ့ရသော်လည်း သူ၏ အစစ်အမှန် အတိတ် ကြောင်းကို သိရှိနိုင်မည် မဟုတ်ချေ။ အကယ်၍ ၎င်းတို့ကြားတွင် အခြားသော ဆက်စပ်မှုများ ရှိ နေပါက ယင်ထိန်မြို့နယ် အနီးတွင် အတူတူ ရှိ နေပါလျက်နှင့် ယနေ့မှသာ ပြန်လည် တွေ့ဆုံရ မည် မဟုတ်ပေ။

ချင်မင်က ရိုးသားသော အမူအရာဖြင့် မေးလိုက်သည်။

"ရှဲ့ သခင်မလေး ကျေးဇူးပြုပြီး အဲဒီတုန်းက ဘာတွေ ဖြစ်ခဲ့လဲ ဆိုတာ ပြောပြပေးပါ အဲဒီတုန်းက ကျုပ် အနားမှာ ဘယ်သူက ပြုစုပေးနေတာလဲ မင်းလည်း မြင်တဲ့အတိုင်းပဲ ကျုပ်က ခေါင်းမှာ ဒဏ်ရာ အပြင်းအထန် ရထားတော့ အဲဒီ အချိန်တုန်းက ကိစ္စတွေကို အခုထိ ဘာမှ မမှတ်မိတော့ဘူး"

ရှဲ့လင်ရှီး က သုံးမီတာကျော် ရှည်လျားသော ဓားကြီးကို မြေပြင်ပေါ်သို့ စိုက်ချလိုက်ပြီး နောက်လှည့်ကာ သူ့ကို တစ်ချက် ကြည့်ရင်း ပြန်ဖြေလိုက်သည်။

"အဲဒီတုန်းက အသက် သုံးဆယ်ကျော် အရွယ် လင်မယား နှစ်ယောက်က နင့်ကို ခေါ်လာတာ သူတို့ ပြောစကား အရတော့ နင် မခံနိုင်တော့

ဘူး ထင်တယ် နောက်ဆုံးတော့ နင့်ကို ဒီအတိုင်း ထားခဲ့ရတာပဲ"

ချင်မင်က စဉ်းစားခန်း ဝင်သွားပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။

"ကျုပ်က သေတော့မလို ဖြစ်နေတာကို သူတို့က ဘာလို့ ကျုပ်ကို အဝေးကြီး ခေါ်လာရတာလဲ ဘာအကြောင်းကြောင့်လဲ"

ရှဲ့လင်ရှီး ၏ ဆံပင်များမှာ ခုနစ်ပေခန့် ရှည်လျားပြီး မျက်နှာပေါက်မှာလည်း အလွန်ရှင်းလင်း ပြတ်သားကာ လှပသော မျက်လုံးများက ကြယ်ရောင်များအလား တောက်ပနေလေသည်။ သူမက ဆက်ပြောလိုက်သည်။

"ငါက အဝေးကနေ စကား နည်းနည်းပဲ ကြားလိုက်ရတာ သူတို့က နင့်ကို တောက်ပတဲ့ မြို့တော်ကြီး တွေနဲ့ အဝေးကြီးကို ခေါ်သွားပြီး ဝေးလံခေါင်ဖျားတဲ့ နေရာမှာ ထားခဲ့ချင်တာ

တကယ်လို့ နင် အသက်ရှင်နိုင်ရင် ဒီဘက်မှာ အခြေချနိုင်ရင် အကောင်းဆုံးပဲ လို့ ပြောနေကြတာ"

ထိုအချိန်တွင် ခန္ဓာကိုယ် သွယ်လျသော အစေခံမိန်းကလေး တစ်ဦးက လက်ဖက်ရည် လာချပေးလေသည်။ ဇွန်းပေါ်ရှိ လက်ဖက်ရည် ပန်းကန်လုံး နှစ်လုံးမှာ အရွယ်အစား အလွန်ကွာခြားလှပေသည်။ သူမက ဝင်ပြောလိုက်သည်။

"အဲဒီတုန်းက ကျမတို့ သခင်မလေး က ရှင်တို့ကို အသက်စွမ်းအင်နဲ့ သွေးအား ပြည့်စေတဲ့ ဆေးလုံး တစ်လုံး ပေးခဲ့သေးတယ် အရမ်းတန်ဖိုးကြီးတာတော့ မဟုတ်ပေမဲ့ သခင်မလေးရဲ့စေတနာပါ"

"သြော် ကျေးဇူးတင်ပါတယ်... ရှဲ့ သခင်မလေး"

ချင်မင်က ချက်ချင်း အရိုအသေ ပေးလိုက်

သည်။ တစ်ဖက်လူက သူ့ကို ကျေးဇူးပြုခဲ့သော်လည်း ထုတ်မပြောခဲ့ချေ။ ဤအစေခံမိန်းကလေးသာ နောက်ဖေးခြံဝင်းသို့ ရောက်မလာပါက သူ သိရှိနိုင်မည် မဟုတ်ပေ။

"သွားတော့"

ရှဲ့လင်ရှီး က လက်ယမ်းပြလိုက်ပြီး ထိုချောမောလှပသော အစေခံ မိန်းကလေးကို ဆက်ပြောခွင့်မပြုတော့ပေ။vv

ချင်မင်က လက်အုပ်ချီကာ မေးလိုက်သည်။

"ရှဲ့ သခင်မလေး အဲဒီနေ့က တခြားအသေးစိတ် အချက်အလက်တွေ ဘာများ ရှိသေးလဲ ဆိုတာ သေချာ ပြန်စဉ်းစားပေးလို့ ရမလား ပြောပြပေးမယ် ဆိုရင် အရမ်းကျေးဇူးတင်မိမှာပါ"

"အဲဒီတုန်းက နင့်ရဲ့ အဝတ်အစားတွေက စုတ်ပြဲနေပြီး သွေးတွေ ပေကျံနေတယ် အဝတ်အစား

အသစ် ဖြစ်နေရင်တောင် အရမ်း သာမန်ပဲ ဆိုတာ သိသာတယ်"

ချင်မင်က ခေါင်းညိတ်လိုက်သည်။ သူ ဒုတိယအကြိမ် ဘဝသစ် ရရှိစဉ်က ငယ်ရွယ်သော သူ့ကိုယ်သူ ပြန်လည် မြင်တွေ့ခဲ့ရပြီး ထိုအချိန်ကတည်းက ဖာထေးထားသော အင်္ကျီလေးကို ဝတ်ဆင်ထားရသဖြင့် သူ၏ လူငယ်ဘဝမှာ အဆင်မပြေခဲ့သည်ကို မဆန်းသလို ခံစားရလေသည်။ သို့သော် သူ နားမလည်နိုင်သည်မှာ ဘာကြောင့် သေဘေးနှင့် ကြုံတွေ့ခဲ့ရပြီး ရွာလေးတစ်ရွာလုံး မီးပင်လယ်ထဲသို့ ကျရောက်သွားရသနည်း ဆိုသည်ကို ပင်ဖြစ်သည်။

ရှဲ့လင်ရှီး က ပြန်စဉ်းစားပြီးနောက် ဆက်ပြောလိုက်သည်။

"နင့်ကို ခေါ်လာတဲ့ လူနှစ်ယောက်က အဓိကအားဖြင့် ကောင်းကင်အလင်း ကြောင့်

အသက်ဝင်လာတဲ့ ဝိညာဉ်တောင် တွေကို စူးစမ်းဖို့ လာကြတာ လမ်းမှာလည်း တိုင်ပင်ခဲ့ကြပြီး နှင့်ကို ဒီဝေးလံခေါင်ဖျားတဲ့ နေရာမှာ အခြေချစေချင်တယ် ဆိုတော့ အလွယ်တကူ ခေါ်လာခဲ့တာ နေမှာပါ"

သူမက ၎င်းတို့ အချင်းချင်း လမ်းတွင် နှစ်ကြိမ်သာ ဆုံတွေ့ခဲ့ရကြောင်းနှင့် ယခု ပြောဆိုချက်များ အားလုံးမှာ ထိုလူနှစ်ဦး အလောတကြီး သွားနေစဉ် ပြောဆိုခဲ့သော စကား အနည်းငယ်ကို အခြေခံပြီး ခန့်မှန်းထားခြင်းသာ ဖြစ်ကြောင်း ပြောပြလေသည်။

ထိုစကားကို ကြားသောအခါ ချင်မင် အနည်းငယ် မှင်တက်သွားမိသည်။ ထို လင်မယား နှစ်ယောက်နှင့် သူက ဘာပတ်သက်မှု ရှိသလဲ။ အလွန် ရင်းနှီးပုံ မပေါ်သော်လည်း သူ့ကို ကယ်တင်ခဲ့ကြလေသည်။

တစ်ချိန်တည်းမှာပင် ကောင်းကင်အလင်းကြောင့် အသက်ဝင်လာသော ဝိညာဉ်တောင်များ ဆိုသည်မှာ ဘာကို ဆိုလိုတာလဲ။ သူ အလွန်မေးချင်နေသော်လည်း အများကြီး မေးလွန်းပါက ရိုင်းရာကျမည် စိုးသဖြင့် တွန့်ဆုတ်နေမိသည်။

...

"ဟီးဟီးဟီး"

အရှေ့ဘက် ခြံဝင်းရှိ သေးငယ်သော ဧည့်ခန်းထဲတွင် ခရမ်းရောင် မျက်လုံးများနှင့် ကျီးကန်းက ရယ်မောလိုက်ပြီး အမည်းရောင် သားရေဝတ်ရုံကို လွှမ်းခြုံထားသော မိန်းကလေးကို ကြည့်ကာ ပြောလိုက်သည်။

"အဲဒီ လူငယ် နှစ်ယောက်က နင့်ကို ရှဲ့ မိသားစုက သခင်မလေး လို့ ထင်နေကြတယ် ကားကားကား..."

"နင့်ရဲ့ ရယ်သံက တကယ် နားထောင်လို့ မကောင်းဘူး"

မိန်းကလေးက သူမ၏ သွယ်လျသော လက်ချောင်းလေးများကို ဆန့်ထုတ်ကာ တောက်ပသော အလင်းတန်းများဖြင့် ကျီးကန်းကို လှမ်းထိုးလိုက်ရာ ၎င်းက ချက်ချင်း ပျံတက်ပြီး အလွယ်တကူ ရှောင်တိမ်းသွားလေသည်။

ခရမ်းရောင် မျက်လုံးများနှင့် ကျီးကန်းက ပြောလိုက်သည်။

"ဒီလောက် ဝေးလံခေါင်ဖျားတဲ့ နေရာမှာ အရည်အချင်းရှိတဲ့ လူငယ် နှစ်ယောက် ထွက်လာလိမ့်မယ်လို့ မထင်ထားဘူး ပါးစပ်သရမ်းတဲ့ အဲဒီ အရူးကောင်လေးသာ ခန္ဓာကိုယ် အပြည့်အဝ ကောင်းမွန်သွားပြီး မူလ စွမ်းအင်တွေ ပြန်ပြည့်သွားရင် တော်တော်လေး အစွမ်းထက်လာမှာ သေချာတယ်"

မိန်းကလေးက ပြောလိုက်သည်။

"အဲဒီ စကားပြော မတတ်တဲ့ ကောင်လေးက ဆရာ တစ်ယောက်ယောက် ရှိနေပြီဆိုတာ သိသာတယ် တစ်ယောက်ယောက်က အထူး နည်းလမ်းတွေ သုံးပြီး သူ့ခန္ဓာကိုယ်ကို ပြုပြင် ပေးနေတာ"

ကျီးကန်းက ဆက်ပြောလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်နှစ်က ကောင်းကင်အလင်းတွေ ညကောင်းကင်ယံ ကို ဖောက်ထွက်လာတုန်းက ကောင်းချီး ရခဲ့တဲ့ နေရာ ဆယ်ဂဏန်းလောက် ရှိတဲ့အထဲမှာ ဒီနေရာက အမှောင်မိုက်ဆုံးနဲ့ ဝိညာဉ်အလင်းရောင် အကျဆုံး နေရာလို့ ပြော ကြပေမဲ့ တကယ်တမ်းကျတော့ အဲဒီလို မဟုတ် လောက်ဘူး အနီးအနားက ရွာလေးတွေ ထဲမှာ တောင် အတော်အသင့် အရည်အချင်းရှိတဲ့ လူငယ် နှစ်ယောက်ကို ဆက်တိုက် တွေ့ရတာ

ကိုး"

မိန်းကလေးက လက်ဖက်ရည်ကို အနည်းငယ် သောက်လိုက်ပြီး ပြောလိုက်သည်။

"ဆရာ့ရဲ့ အသိပညာက လူတွေနဲ့ နတ်ဘုရား တွေ အားလုံးကို လွှမ်းမိုးနိုင်တယ် သူ့ရဲ့ ခန့်မှန်း ချက်က တိကျမှာ သေချာတယ် လွန်ခဲ့တဲ့ အနှစ် နှစ်ရာတုန်းက ကောင်းကင်အလင်းတွေက ဒီ နေရာမှာ လုံးဝ မပေါက်ကွဲခဲ့ဘဲ အခုအချိန်အထိ စုဆောင်းထားခဲ့တာ အခု မတူညီတဲ့ အရောင် ရှိ တဲ့ ကောင်းကင်အလင်း တွေ ရောနှောသွား တော့ ဒီကနေ ထွက်လာမယ့် ထူးခြားတဲ့ ပစ္စည်း တွေက အရမ်းကို အံ့ဩစရာ ကောင်းမှာ သေချာ တယ်"

ထို့နောက် မိန်းကလေးက သားရေ ဝတ်ရုံ၏ ဦးထုပ်ကို အောက်သို့ ဆွဲချကာ မတ်တပ်ရပ် လိုက်ပြီး ပြောလိုက်သည်။

"ငါတို့ သွားကြစို့ ဒီနေ့ အစ်ကိုရဲ့ တော်တော် အလုပ်များနေလိမ့်မယ် သူ့သမီးက ကိုယ့် သဘောနဲ့ကိုယ် ဆုံးဖြတ်ပြီး ဧရာမ နတ်ဘုရား လမ်းကြောင်းကို ရွေးလိုက်လိမ့်မယ်လို့ မထင်ထားဘူး အခုတော့ သူ တော်တော် ခေါင်းကိုက်နေရပြီ"

...

နောက်ဆုံးတွင် ချင်မင် မအောင့်နိုင်တော့ဘဲ သူ့ရှေ့ရှိ မျိုးနွယ် သခင်မလေး ကို မေးလိုက်တော့သည်။

တစ်ဖက်လူက သူ့ကို ရှင်းပြရမည့် တာဝန် မရှိသဖြင့် အကယ်၍ ငြင်းဆိုခံရပါက မျက်နှာပြောင်တိုက်ပြီး ထွက်သွားရုံသာ ဖြစ်သည်။ သူ ကိုယ်တိုင် မရှက်ပါက ဘာမှ ပြဿနာ မရှိချေ။

ရဲ့လင်ရှီး က ရှင်းပြလိုက်သည်။

"နေမင်း ကြီး ဝင်သွားပြီးတဲ့ နောက်မှာ ဘယ်တော့မှ ပြန်မထွက်လာတော့ဘူး လမင်း နဲ့ ကောင်းကင် က ကြယ်တွေ အားလုံးလည်း ပျောက်ကွယ်သွားတယ် ကောင်းကင်အလင်း ဆို တာက ညအမှောင်ထု ထဲကနေ မတော်တဆ ဖောက်ထွက်လာတဲ့ အလင်းရောင် တွေပဲ ဆယ် နှစ်ကနေ အနှစ်တစ်ရာ အထိ ကြာတတ်ပြီး ပုံ မှန် မရှိဘူး တစ်ခါတလေမှ ထွက်ပေါ်လာတတ် တယ် အရမ်း ထူးခြားပြီး အဲဒီ အလင်းရောင် ကျ တဲ့ နေရာ အနီးအနားမှာ ရှားပါး ပစ္စည်းတွေ ထွက်ပေါ်လာတတ်တယ်"

ချင်မင်က ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လိုက်သည်။ တစ်ဖက်လူက မာန မ ကြီးဘဲ သူ့ကို တိုက်ရိုက် ရှင်းပြပေးခဲ့ သောကြောင့် ဖြစ်သည်။

"ရှဲ့ သခင်မလေး က ရုပ်လေး လှသလို

စိတ်ထားလေးကလည်း ကောင်းလိုက်တာ တချို့လူတွေနဲ့တော့ မတူဘူး..."

ချင်မင်က ပြောလိုက်ပြီးနောက် ရှဲ့လင်ရှီးကို အချိုးအစားတကျ သေးငယ်သွားအောင် တွေးကြည့်လိုက်ရာ မျက်နှာမှာ လက်ဝါးခန့်သာ ရှိပြီး ရွှေရောင် အချိုးအစား ရှိသော ခန္ဓာကိုယ်လေး ဖြစ်သွားမည်ကို သတိထားမိလိုက်သည်။ သူမက ဧရာမ နတ်ဘုရား လမ်းကြောင်းကို ရွေးချယ်ထားသဖြင့်သာ ယခုအခါ အရာအားလုံးက သာမန်လူများထက် အများကြီး ကြီးမားနေခြင်းပင်ဖြစ်သည်။

"ဘာနဲ့ မတူဘူးလို့ ပြောတာလဲ"

ရှဲ့လင်ရှီး က မေးလိုက်သည်။

"တချို့လူတွေဆို မတော်တဆ တစ်ချက်လောက် ကြည့်မိတာကိုတောင် မျက်စောင်း နှစ်ချက်လောက် ပြန်ထိုးသေးတယ်"

ချင်မင်က ပေါ့ပေါ့ပါးပါး ပြန်ဖြေလိုက်သည်။

"နင် ပြောနေတာ အရှေ့ဘက် ခြံဝင်းထဲက ငါ့ရဲ့ အငယ်ဆုံး အဒေါ် ကို ပြောနေတာတော့ မဟုတ်ပါဘူးနော်"

ရှဲ့လင်ရှီး က ထူးဆန်းသော အမူအရာဖြင့် မေးလိုက်သည်။

အိမ်တော်ထဲမှ ယခုမှ ထွက်လာသော မိန်းကလေးမှာ ခြေလှမ်းများ ရပ်တန့်သွားပြီး လေထဲတွင် ပျံသန်းနေသော ခရမ်းရောင် မျက်လုံးများနှင့် ကျိုးကန်းကမူ ရယ်မောလိုက်လေသည်။

"ကားကားကား..."

"နားထောင်လို့ကို မကောင်းဘူး"

...

ချင်မင်က လူအိုကြီး၏ အိမ်တွင် ဆက်လက်၍ အလကား စားသောက်ရန် အားနာသွားပြီး

ယနေ့ အကျိုးအမြတ်များစွာ ရရှိခဲ့ကာ သတင်း အချက်အလက် များစွာ သိရှိခဲ့ရသဖြင့် အလွန် ကျေနပ်နေပြီ ဖြစ်သည်။

သစ်ပင်နှစ်ပင်ရှာ အနီးသို့ ရောက်လာချိန်တွင် သူက ရှဲ့လင်ရှီး ပြောခဲ့သော စကားများကို ပြန်လည် စဉ်းစားနေပြီး လမ်းတစ်လျှောက်လုံး အချိန်အကြာကြီး တွေးတောနေမိသည်။

"ငါ တတိယအကြိမ် ဘဝသစ် ရတဲ့ အချိန်ကျ ရင် ပျောက်ဆုံးနေတဲ့ မှတ်ဉာဏ်တွေ အကုန်လုံး ပြန်ပေါ်လာမှာ သေချာတယ်"

သူက တိုးတိုးလေး ရေရွတ်လိုက်ပြီး မျက်လုံး များက ခိုင်မာနေလေသည်။

ထိုလူအိုကြီး မှာ အလွန် သာမန် မဟုတ် ကြောင်း ချင်မင် ရိပ်မိလိုက်သည်။ သူ၏ သမီး ဖြစ်သူက အလွန် အစွမ်းထက်ပြီး အသက် မကြီး သေးသော်လည်း ငါးမီတာ နီးပါး မြင့်မားနေ

သဖြင့် ဇရာမ နတ်ဘုရား လမ်းကြောင်းတွင် အလွန် ခရီးရောက်နေပြီ ဖြစ်ကြောင်း သိသာလှပေသည်။

"ငါ့ကို ခေါ်လာတဲ့ လူနှစ်ယောက်ထဲက မိန်းမရဲ့ ညာဘက် မျက်ခုံးမှာ မှဲ့နီလေး တစ်လုံး ရှိပြီး ယောကျ်ားရဲ့ လက်မောင်း နှစ်ဖက်က အရမ်း ရှည်တယ် ဒီတစ်ခေါက် တောင်ထဲက ဆုံမှတ်တွေထဲက ပစ္စည်းတွေကို လာယူကြမလား မသိဘူး"

ချင်မင်က စဉ်းစားနေမိသည်။

တစ်ချိန်တည်းမှာပင် လယွဲ့ မြို့တော်မှာ အလွန်ကြီးမားပြီး ဤနေရာနှင့် အလွန် ဝေးကွာကြောင်း သူ သိရှိသွားပြီ ဖြစ်သည်။

မကြာမီမှာပင် ချောင်လုံ၊ ဝေ့ကျစ်ရိနှင့် မုချင်းတို့ထံမှ သတင်းများ ရောက်လာပြီး နှစ်ရက်အကြာတွင် တောင်ထဲသို့ ဝင်မည် ဖြစ်ကြောင်း သိ

ရသည်။

ယခုအခါ သတင်း အတိအကျ ရရှိသွားပြီ ဖြစ်သည်။ ချီရှုမြို့တော်မှ အကြီးအကဲများနှင့် တောင်ကြီးထဲရှိ အဆင့်မြင့် သားရဲများ သဘောတူညီမှု ရရှိသွားကြပြီ ဖြစ်ပြီး ယခင်က သားရဲများ ချဲ့ထွင်ထားသော နယ်မြေများကို ၎င်းတို့ အားလုံး ပြန်လည် ဆုတ်ခွာပေးမည် ဖြစ်သည်။

ယခင်က တောင်အပြင်ဘက်ရှိ လူများ အမဲလိုက်၊ ဆေးမြစ်ရှာ သွားလေ့ရှိသော နေရာများသို့ ယခုအခါ လွတ်လပ်စွာ သွားလာနိုင်ပြီ ဖြစ်သည်။

သို့သော် ပိုမို နက်ရှိုင်းသော နေရာများ၊ တောင်ကြီးထဲရှိ အန္တရာယ်များသော နေရာများကို စူးစမ်းရှာဖွေချင်ပါက မိမိတို့၏ အစွမ်းအစ အပေါ်တွင်သာ မူတည်တော့မည် ဖြစ်သည်။

ထို့ပြင် အဆင့်မြင့် သားရဲများက ၎င်းတို့အနေဖြင့် လျှို့ဝှက် တိုက်ခိုက်မည် မဟုတ်ကြောင်း ကတိပေးထားသော်လည်း တောင်ထဲတွင် အခြား အန္တရာယ်ရှိသော သားရဲများ အများအပြား ရှိနေသေးသဖြင့် တောင်အပြင်ဘက်ရှိ လူများကို ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရန် သတိပေးထားလေသည်။

ချီရှုမြို့တော်မှ အကြီးအကဲများ ကလည်း ၎င်းတို့ အနေဖြင့် လျှို့ဝှက် တိုက်ခိုက်မည် မဟုတ်ကြောင်း ကတိပေးထားကြလေသည်။

အသစ်ရောက်လာသော အဆင့်မြင့် သားရဲများကို မောင်းထုတ်ပြီးနောက်တွင်လည်း တောင်ကြီးမှာ ငြိမ်းချမ်းသွားမည် မဟုတ်ကြောင်း သိသာလှပေသည်။ အကြီးအကဲများက သွေးထွက်သံယို တိုက်ခိုက်မှုများ ပြုလုပ်မည် မဟုတ်သော်လည်း မိသားစု အသီးသီးမှ ဝါရင့်

ပညာရှင်များ နှင့် တောင်ထဲရှိ အခြား ကြောက်မက်ဖွယ် ကောင်းသော သားရဲများက ညမြူ အထူထပ်ဆုံး နေရာများတွင် ထိပ်တိုက် တွေ့ဆုံကြမည်မှာ သေချာလှပေသည်။

ပိုမို နက်ရှိုင်းသော နေရာများသို့ ဝင်ရောက် သွားပါက သွေးထွက်သံယို တိုက်ပွဲများကို ရှောင်လွှဲနိုင်မည် မဟုတ်ဘဲ မည်သည့် နောက်ခံ ရှိသည်ကို ဂရုစိုက်နေမည် မဟုတ်ချေ။

"ကျုပ်က လမ်းပြပေးလို့ ရတယ် ဒါပေမဲ့ အပြင် ဘက်ပိုင်းလောက်ပဲ နက်ရှိုင်းတဲ့ နေရာတွေကို တော့ လုံးဝ မသွားဘူး"

ချင်မင်က မုချင်းတို့ အဖွဲ့ကို ချက်ချင်း အသိပေး လိုက်သည်။

"အင်း ငါတို့လည်း အထဲကို အများကြီး မဝင်ရဲ ပါဘူး အဲဒီနေရာတွေက ဝါရင့် ပညာရှင်တွေ ရဲ့ နေရာတွေလေ အသေအကြေ ချကြမှာ သေချာ

တယ်"

မုချင်း၊ ချောင်လုံ၊ ဝေ့ကျစ်ရိုနှင့် အခြားသူများက သက်ပြင်းချရင်း ပြောလိုက်ကြသည်။

အဓိက အကြောင်းရင်းမှာ အခြား နယ်မြေများမှ လူအများအပြားလည်း ရောက်ရှိနေကြသဖြင့် အပြင်ဘက်ပိုင်းတွင်ပင် သိပ်ပြီး လုံခြုံမှု မရှိတော့သောကြောင့် ဖြစ်သည်။

သတင်းများ ပျံ့နှံ့သွားသဖြင့် အချို့သော ထူးခြားသည့် ဆုံမှတ် များတွင် ရှားပါး ပစ္စည်းများ ထွက်ပေါ်နေပြီ ဖြစ်ပြီး ခူးဆွတ်နိုင်ပြီ ဖြစ်ကြောင်း လူတိုင်း သိရှိသွားကြလေသည်။

နောက်လာမည့် နှစ်ရက်အတွင်းတွင် အဖွဲ့အစည်း အသီးသီး၏ လှုပ်ရှားမှု အသီးသီးကို ချင်မင် မြင်တွေ့ခဲ့ရလေသည်။

အဝေးမှ ရောက်လာသော အဖွဲ့အစည်းများသာမက ဒေသခံ အဖွဲ့အစည်းများ ဖြစ်သည့် မျက်လုံး

သုံးလုံး ဂိုဏ်း နှင့် ရွှေကြက်မ တောင်ကုန်း တို့ ကဲ့သို့သော အဖွဲ့များလည်း တက်ကြွစွာ လှုပ်ရှား နေကြလေသည်။

မျက်လုံးသုံးလုံး ဂိုဏ်း မှာ အလွန် လျှို့ဝှက် ဆန်းပြားပြီး အဝေးရှိ မြို့တော်များတွင်ပင် အဖွဲ့ ဝင်များ ရှိကာ ဤနယ်မြေတွင် ဖွံ့ဖြိုးလာသော အဖွဲ့မှာ ၎င်းတို့၏ ဌာနခွဲ တစ်ခုသာ ဖြစ်သည်ဟု ဆိုကြလေသည်။

သာမန် အချိန်များတွင် ဤဒေသရှိ ဂိုဏ်းဝင် များက အကြီးအကဲများ၏ သြဇာကို အသုံးပြုပြီး အခြားသူများကို ဖိနှိပ်လေ့ ရှိကြကာ ပြဿနာ မ ဖြစ်မီတွင် ၎င်းတို့သည် မျက်လုံးသုံးလုံး ဂိုဏ်း မှ ဖြစ်ကြောင်းနှင့် ၎င်းတို့၏ အထက်တွင် ထိပ်တန်း အစွမ်းထက် ပညာရှင်များ ရှိကြောင်း အမြဲတမ်း ကြိုတင် အသိပေးလေ့ ရှိကြလေ သည်။

သို့သော် ယနေ့တွင် ၎င်းတို့၏ အပြုအမူများ ပြောင်းလဲသွားပြီး လူအချို့က အစ်ကိုရှိထံသို့ လာရောက် ဆက်သွယ်ကြကာ ယခင်ကကဲ့သို့ ရိုင်းစိုင်း ကြမ်းတမ်းခြင်း မရှိတော့ချေ။

"ကျုပ်တို့ အားလုံးက ဒေသခံတွေပဲ ထူးခြားတာ တစ်ခုခု တွေ့ရင် အချင်းချင်း ဖလှယ်ကြတာပေါ့ ဒေသတွင်းက ရှားပါး ပစ္စည်းတွေ ဆိုတာ ငါတို့ ဒေသခံတွေ လက်ထဲမှာပဲ ရှိသင့်တာလေ တောင်ကြီးက အဲဒီနေရာမှာ ရှိနေပြီး ဘယ်တော့မှ ရွေ့သွားမှာ မဟုတ်ဘူး ငါတို့ တစ်သက်လုံး အတူတူ ရှိနေမှာ သေသွားရင်တောင် သူ့အနားမှာပဲ အိပ်စက်ရမှာ မျက်လုံးသုံးလုံး ဂိုဏ်း ကလည်း ဒီနေရာမှာ အခြေချထားတာ ဆိုတော့ တောင်ကြီးလိုပဲ ထာဝရ တည်တံ့နေမှာ..."

အဘိုးလှိုက မျက်နှာတွင် ခားဒဏ်ရာ ရှိသော လူကို ကြည့်ကာ ဆက်ပြီး နားမထောင်နိုင်တော့

သဖြင့် ပြောလိုက်သည်။

"ဓားဒဏ်ရာ အမှတ်နှစ် မင်း အရင်ကလိုပဲ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါလား မင်းရဲ့ အကျီ လက်ကို ပင့်တင်ပြီး ဓားကို စားပွဲပေါ် စိုက်ချကာ ခြေထောက်ကို ကုလားထိုင်ပေါ် တင်ပြီး ငါတို့ကို ခြိမ်းခြောက်လိုက်ပါလား တောင်ထဲဝင်ပြီး ထူးခြားတဲ့ ဆုံမှတ် တွေကို တွေ့ရင် မင်းတို့ကို ပြောရမယ် မဟုတ်ရင် ချီရှုမြို့တော်က လူတွေ ပြန်သွားတဲ့ အခါ မင်းတို့က တောင်ကြီးလိုပဲ ထာဝရ တည်တံ့နေမှာ ဆိုတော့ ငါတို့ကို ပြန်ပြီး ကလဲ့စားချေမယ် အဲဒီ သဘော မဟုတ်လား"

"ဟုတ်တယ် ကျုပ်လည်း အဲဒီလို ပြောချင်တာ ဒါပေမဲ့ အထက်က လူတွေက ဒီတစ်ခေါက် ကြမ်းကြမ်းတမ်းတမ်း မလုပ်ဖို့ မှာထားလို့ မင်းတို့ သဘောပေါက်ရင် ရပြီ ငါ သွားပြီ"

မျက်လုံးသုံးလုံး ဂိုဏ်း မှ ဓားဒဏ်ရာ အမှတ်

နှစ် က နောက်လှည့် ထွက်သွားလေသည်။

မကြာမီမှာပင် ရွှေကြက်မ တောင်ကုန်း မှ လူများလည်း ရောက်လာကြလေသည်။ ၎င်းတို့မှာ ယခင်က ဓားပြများ ဖြစ်ကြပြီး အညံ့ခံကာ အစိုးရ အဖွဲ့ထဲ ဝင်ရောက်ခဲ့သော်လည်း အနီးအနားရှိ ရွာများမှ လူများက ၎င်းတို့ကို အမြဲတမ်း ကြောက်ရွံ့နေကြဆဲ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ရွှေကြက်မ တောင်ကုန်း မှ မွေးထုတ်ပေးသော ရွှေကြက်မ သူရဲကောင်း များမှာ အလွန် ရက်စက်ကြပြီး တောအုပ်ထဲတွင် လုပ်ကြံ သတ်ဖြတ်ရန် အလွန် သင့်တော်သောကြောင့် ဖြစ်သည်။ ရွှေရောင် ကြက်မကြီး များမှာ ဒုတိယအဆင့် မျိုးဗီဇ ပြောင်း သတ္တဝါများ ဖြစ်ကြပြီး ၎င်းတို့၏ ကျောပေါ်ရှိ သခင်များနှင့် ပေါင်းစပ်လိုက်သောအခါ အလွန် အန္တရာယ် များလှပေသည်။

...

"မကြာခင် တောင်ထဲ ဝင်ရတော့မယ်..."

ယိုလျှန်ယွင်က တရားထိုင်ခန်း ထဲတွင် ထိုင်နေပြီး သူ၏ ရှေ့ရှိ စားပွဲပေါ်တွင် ကျောက်စိမ်းအိုး တစ်လုံး ရှိကာ အတွင်းတွင် ဝိညာဉ်အဆီအနှစ် အချို့ ပါဝင်လေသည်။ ၎င်းကို စားသုံးလိုက်ပါက ဒုတိယအကြိမ် ဘဝသစ်ကို ချက်ချင်း ရရှိနိုင်မည် ဖြစ်ပြီး တောင်ထဲ ဝင်ရန် နှစ်ရက် အချိန် ကျန်သေးသဖြင့် သူ၏ သက်ရှိအဆင့်အတန်းကို အပြည့်အဝ တိုးတက်စေရန် လုံလောက်သော အချိန် ရှိပေသည်။

မူလက သူ ဤမျှ မြန်မြန် မလုပ်ချင်သေးချေ။ အဘယ်ကြောင့်ဆိုသော် ဘဝသစ်၏ အခြေခံကို ပိုမို ခိုင်မာအောင် ထပ်မံ လေ့ကျင့်ချင်သေး သောကြောင့် ဖြစ်သည်။

သို့သော် ယခုအခါ သူ၏ မျက်နှာ အမူအရာမှာ

အဆက်မပြတ် ပြောင်းလဲနေပြီး တစ်ခါတစ်ရံ အေးစက်သွားကာ တစ်ခါတစ်ရံ တွေဝေသွား လေသည်။ အကယ်၍ ထိုမိန်းကလေးနှင့်အတူ လိုျကွမ် မြို့တော်သို့ မသွားရပါက သူ အလွန် နှမြောမိမည် ဖြစ်သည်။

"မင်းတို့ အကုန်လုံး စုံစမ်းပြီးပြီ မဟုတ်လား"

ယိုလျန်ယွင် က တရားထိုင်ခန်း အပြင်ဘက်ရှိ လူကို မေးလိုက်သည်။

"ဟုတ်ကဲ့ အကုန် စုံစမ်းပြီးပါပြီ တောင်ထဲ ဝင် ပြီး ပထမ နှစ်ရက်လောက်တော့ သူ့ကို သွားမ ရှာတာ အကောင်းဆုံးပဲ သူက မုချင်း၊ ချောင်လုံ တို့နဲ့ အတူတူ သွားလောက်တယ် အဲဒီ လူအုပ် ကြီး မြေပြင် အနေအထားကို ကျွမ်းကျင်သွားရင် တော့ သူ့ကို သွားရှာလို့ ရလောက်ပြီ"

"ကောင်းပြီ"

နှစ်ရက် အကြာတွင် အဖွဲ့အစည်း အသီးသီးမှ

လူများ တောင်ထဲသို့ စတင် ဝင်ရောက်ကြလေသည်။

ချင်မင်ကို စကားမပြောနိုင်အောင် ဖြစ်သွားစေသည်မှာ အဘိုးလှိုက ချပ်ဝတ်တန်ဆာဝတ်ဆင်ကာ ဓားမကြီးကို လွယ်ပြီး သူ မွေးထားသော အဝါရောင် ခွေးကြီး ကျောပေါ်တွင် စီးနင်းကာ လိုက်ပါလာခြင်း ပင်ဖြစ်သည်။

သူ တစ်ယောက်တည်း ထိုသို့ လုပ်ခြင်း မဟုတ်ဘဲ ရန်ယုံချင်း ကလည်း ဓားနှစ်လက်ကို ကိုင်ဆောင်ကာ လူကြီး ပခုံးလောက် မြင့်သော အမည်းရောင် ဆိတ်ကြီး ကျောပေါ်တွင် စီးနင်းကာ အမည်းရောင် ဆိတ် သူ့ရဲကောင်း အဖြစ်လိုက်ပါလာလေသည်။

"တောင်ထဲ ဝင်ကြမယ်"

ချောင်လုံ၊ ဝေ့ကျစ်ရှိနှင့် မုချင်းတို့က အဖွဲ့ကို ဦးဆောင်ကာ ထွက်ခွာလာကြလေသည်။ ၎င်းတို့

မှာ ချီရှုမြို့တော်မှ လူငယ် အဖွဲ့ငယ်လေး တစ်ခု သာ ဖြစ်ပြီး အဖွဲ့အစည်း အသီးသီးနှင့် မျိုးရိုးမြင့် မျိုးနွယ်များမှ အခြား ကြီးမားသော အဖွဲ့အစည်း အများအပြား ရှိနေသေးပေသည်။

"သတိထားကြ ဒီမှာ လူတွေ ရှိတယ် ခြေနှစ် ချောင်း သတ္တဝါတွေ ရောက်နေပြီ"

တောင်ထဲသို့ ဝင်ရောက်ပြီး မကြာမီမှာပင် ချင် မင်တို့ အဖွဲ့၏ ခေါင်းပေါ်တွင် စကားပြောငှက် တစ်ကောင်က အော်ဟစ်နေလေသည်။

ယင်းမှာ လူစကား ပြောတတ်သော ငှက် မျိုးစိတ် တစ်မျိုး ဖြစ်ပြီး အလွန် လည်ဝယ်ကာ ပျံသန်းနှုန်း အလွန် မြန်ဆန်ပြီး ယခုအခါ တောင်ကြီးထဲရှိ သားရဲများကို သတင်းပေးနေ ခြင်း ပင်ဖြစ်သည်။

အရေးကြီးဆုံး စကားလုံးများမှာ "လူ" နှင့် "ခြေနှစ်ချောင်း သတ္တဝါ" ဖြစ်ပြီး တောင်ထဲရှိ

မျိုးဗိဇပြောင်း သားရဲများက ထိုအသံထွက်များကို နားလည်ကြလေသည်။

"အဲဒါကို ပစ်ချလိုက်"

ချောင်လုံက ပြောလိုက်သည်။

"ဒီမှာ ခြေနှစ်ချောင်း သတ္တဝါ ကြီး တစ်ကောင်ရှိတယ် သုံးမီတာလောက် ရှိတဲ့ ဝက်ဝံ ကြီးထက်တောင် ပိုကြီးသေးတယ်"

ထိုစကားပြောငှက်မှာ မျိုးဗိဇ ပြောင်းလဲသွားသည်မှာ သေချာလှပေသည်။ ၎င်းက တောင်ထဲရှိ သားရဲများကို သတင်းပေးရုံသာမက အခြားလူသား အဖွဲ့များကိုပါ သတင်းပေးကာ ၎င်းတို့အချင်းချင်း တိုက်ခိုက်ကြစေရန် မျှော်လင့်နေပုံရပေသည်။

ချောင်လုံမှာ ထိုစကားကို ကြားသောအခါအလွန် ဒေါသထွက်သွားပြီး ကိုယ်တိုင် လေးကိုဆွဲကာ မြားဖြင့် ပစ်ခွင်းလိုက်လေသည်။

...

ဘုန်း

ရုတ်တရက် တောင်နက်ကြီး ထဲတွင် အရောင်ငါးမျိုး တောက်ပနေသော အလင်းတန်းများ ကောင်းကင်သို့ ထိုးတက်လာရာ အားလုံး အလွန် အံ့သြသွားကြလေသည်။ တောင်ထဲသို့ စတင် ဝင်ရောက်ရုံသာ ရှိသေးသော်လည်း အထူးခြားဆုံး ရှားပါး ပစ္စည်းမှာ ရင့်မှည့်ပြီး ထွက်ပေါ်လာတော့မည်လား။

"ငါ့ရဲ့ တောင်စောင့်နတ်ကြီးရေ အရောင်ငါးမျိုး တောက်ပနေတဲ့ နေရာက တိုက်ရိုက် ထွက်ပေါ်လာတာပဲ အမြန် ပြေးကြ"

***